# O , smOrL; \arQmvicsu/

လူတို့ကကျောင်းဆရာဆရာမများကို ဥယျာဉ်မှူးနှင့်နှိုင်းကြပြီး၊ ကျောင်းသူကျောင်းသားများကိုစိုက်ပျိုးပင်များနှင့် နှိုင်းတတ်ကြပါတယ်။ သမ္မာကျမ်းစာမှာဘုရားသခင်က မိမိကိုယ်ကို ဥယျာဉ်မှူးနဲ့နှိုင်းထားပြီး ဣသရေလလူမျိုး၊ အသင်းတော်၊ ယုံကြည်သူတို့ကို စပျစ်ပင်နှင့် နှိုင်းထားတာကိုတွေ့ရပါတယ်။

ဣသရေလလူမျိုးအပေါ်မှာ ဘုရားသခင်ရဲ့မျှော်လင့်ချက်ကို ပရောဖက်ကြီးဟေရှာယအားဖြင့် ဖော်ထုတ်ခဲ့ပါတယ်။ ဟေရှာယ ၅း၁–၇အားဖြင့် ဘုရားရှင်ဘာပြောသလဲကြည့်ကြရအောင်။

*က။ ၁။ ငါချစ်ရာသခင်၏ စပျစ်ဥယျာဉ်တော်ကိုအကြောင်းပြု၍ မေတ္တာသီချင်းတော်ကိုရွေ့တော်၌ ဆိုပေအံ့။ မြေကောင်းသောတောင်ပေါ်မှာ ငါချစ်ရာသခင်၏ စပျစ်ဥယျာဉ်တော်တစ်ဆူရှိ၏။*

ဘုရားသခင်က ဣသရေလလူမျိုးတို့ကို ရွေးကောက်တဲ့အခါမှာ အကောင်းဆုံးသောမြေနေရာမှာထားရှိခဲ့ပါတယ်။ ဣသရေလပြည်ဟာ အာရှတိုက်၊ ဥရောပတိုက်နဲ့ အာဖရိကတိုက်တို့ဆုံရာမြေပေါ်မှာ ထားရှိခြင်း ခံရပါတယ်။ ဘုရားသခင်အကြောင်း ထိုတိုက်ကြီးသုံးတိုက်ကို တိုက်ရိုက်အခက်အခဲမရှိ ဟောပြောနိုင်ဖို့ရည်ရွယ်ပြီး ထားရှိတာဖြစ်ပါတယ်။ အသင်းတော်ကိုတည်ထောင်ရာမှာလည်း အကောင်းဆုံးမြေကိုပင် ရွေးခဲ့ပါတယ်။ ခင်ဗျားကိုကယ်တင်ခြင်းပေးပြီးတဲ့နောက် နေရာချတဲ့အခါမှာလည်း အကောင်းဆုံးနေရာကိုရွေးပြီး အထင်အရှား တောင်ပေါ်မှာထားရှိပေးတာဖြစ်တယ်။

ယောဟန် ၁၅း၁ မှာ သခင်ယေရှုက “ငါသည်မှန်သောစပျစ်နွယ်ပင်ဖြစ်၏။ ငါ့ခမည်းတော်သည်လည်း ဥယျာဉ်စောင့် ဖြစ်တော်မူ၏” လို့ဆိုထားပါတယ်။ ဒါကြောင့်စပျစ်ဥယျာဉ်မှူးကြီးဟာ ခမည်းတော်ဘုရားသခင်ဖြစ်တော်မူပါတယ်။

*၂။ မြေကိုတူး၍ ကျောက်ခဲတို့ကိုရှင်းလင်းစေပြီးမှ အကောင်းဆုံးသောစပျစ်နွယ်ပင်တို့ကို စိုက်ပျိုးတော်မူ၏။ ဥယျာဉ်ထဲမှာမှီခိုရာ တဲလင့်ကိုလည်း ဆောက်၍၊ စပျစ်သီးနယ်ရာကျင်းကိုလည်း တူးတော်မူ၏။ ထိုအခါ စပျစ်သီးကိုသီးမည်ဟု မျှော်လင့်သည်ရှိသော် ဖောရှသီးကို သီးပါသည်တကား။*

မြေကိုကောင်းစေလိုတဲ့အတွက် ပျက်စီးစေတတ်တဲ့ကျောက်တွေ၊ ချုံနွယ်တွေကို ဖယ်ရှားပြီးဖြစ်ပါတယ်။ ယနေ့အသင်းတော်ဟာလည်းခရစ်တော်ဆိုတဲ့ မှန်သောစပျစ်နွယ်ပင်၊ မျိုးကောင်းမျိုးသန့်နှင့် မျိုးယူထားတာဖြစ်တယ်။ အသင်းတော်ကိုစောင့်ရှောက်တဲ့ အစီအစဉ်တွေလည်း ပြုလုပ်ထားပြီးဖြစ်တယ်။ ဒါကြောင့်စပျစ်သီးအများအပြားထွက်မယ်လို့ မျှော်လင့်နေတာဖြစ်ပါတယ်။ ဒါကြောင့်လည်းစပျစ်သီးနယ်ဖို့ကျင်းတွေတောင် တူးထားပြီးဖြစ်တယ်။ ဒါပေမဲ့ယနေ့အသင်းတော်ဟာစပျစ်သီးမသီးဘဲ တောစပျစ်ရိုင်းဖြစ်တဲ့ ဖောရှသီးကိုသီးနေတာဖြစ်တယ်။ မြန်မာပြည်ခရစ်ယာန်များထဲကထွက်လာတဲ့ စပျစ်သီးများဟာ ခရစ်တော်ရဲ့သာသနာမရောက်ခင်က သီးခဲ့တဲ့ အရိုင်းသီးများကိုသာ ဆက်သီးနေတယ်။ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန၊ မနာလိုမှု၊ မုန်းတီးမှု၊ ဂလာတိ ၅း၁၉–၂၁ မှာပါတဲ့ ဇာတိပကတိအသီးတွေဘဲ သီးနေကြတယ်။ အသင်းတော်ကိုစောင့်ရှောက်ဖို့ပေးထားတဲ့ သန့်ရှင်းသောဝိညာဉ်တော်ကိုလည်း လက်မခံဘူး၊ ဒါကြောင့် ဝိညာဉ်ပကတိအသီးတွေလည်းမသီးနိုင်ဘူးဆိုတာ တွေ့ရှိရမှာဖြစ်တယ်။

. . ဣသရေလပြည်ဟာ အာရှတိုက်၊ ဥရောပတိုက်နဲ့ အာဖရိကတိုက်တို့ဆုံရာ မြေပေါ်မှာ ထားရှိခြင်း ခံရပါတယ်၊ ဘုရားသခင်အကြောင်း ထိုတိုက် ကြီးသုံးတိုက်ကို တိုက်ရိုက်အခက်အခဲမရှိ ဟောပြောနိုင်ဖို့ရည်ရွယ်ပြီး ထားရှိတာဖြစ်ပါတယ်. . .

*၄။ ငါ့စပျစ်ဥယျာဉ်၌ ငါကျေးဇူးပြုနိုင်လျက်၊ မပြုသေးသောအရာတစုံတခုရှိသလော၊ စပျစ်သီးကိုသီးမည်ဟု မျှော်လင့်သည်ရှိသော် ဖောရှသီးကိုအဘယ်ကြောင့်သီးသနည်း။*

ဘုရားသခင်က အသင်းတော်အတွက် လုပ်ပေးစရာရှိတာတွေအားလုံး လုပ်ပေးထားပြီးဖြစ်ပါတယ်။ ကောင်းကြီးလည်း ပေးထားပြီးဖြစ်ပါတယ်။ ခရစ်ယာန်များကောင်းစားကြတာကိုလည်း မြင်တွေ့ရပါတယ်။ ပညာတတ်တွေဖြစ်လာကြတာ၊ ရာထူးရာခံတွေရလာကြတာကိုလည်း မြင်တွေ့နေရပြီး ဖြစ်ပါတယ်။ ဘာဖြစ်လို့အရိုင်းသီးပြန်သီးတာလဲ။ ရေခံမြေခံသာသနာကြောင့် အရိုင်းသွေး ပြန်ပါလာတာဘဲဖြစ်ရမယ်၊ တောဝင်နေတာဖြစ်ရမယ်။

*၅။ ယခုနားထောင်ကြ၊ ငါ့စပျစ်ဥယျာဉ်၌ ငါပြုမည့်အမှုကို သင်တို့အားငါဖော်ပြမည်။ စောင်ရန်းကိုပါပယ်ရှင်းသဖြင့် သူတပါးတို့သည် စားကြလိမ့်မည်၊ အုတ်ရိုးကိုငါဖြို သဖြင့် သူတပါးတို့သည် ကျော်နင်းကြလိမ့်မည်။*

စောင်ရန်းဆိုတာ စပျစ်နွယ်ပင်တက်တဲ့ တန်းဖြစ်ပါတယ်။ ယနေ့ခင်ဗျားကို ရှိသေနေရတဲ့အကြောင်း၊ ခင်ဗျားမြင့်တက်နေရတဲ့အကြောင်းကိုဖြုတ်လိုက်ရင် ခင်ဗျားမြေပေါ်ရောက်သွားမှာဖြစ်တယ်။ သူများက ခင်ဗျားလုပ်စာကိုစားပြီး ခင်ဗျားကိုခိုင်းစားတော့မှာဖြစ်တယ်။ ခင်ဗျားကို အကာအကွယ်ပေးနေတဲ့အုတ်ရိုး၊ စည်းကမ်း၊ ဥပဒေတို့ကိုဖယ်လိုက်ရင် ခင်ဗျားကိုလူတွေက တက်နင်းတော့မှာဖြစ်တယ်။

*၆။ ဥယျာဉ်ကိုငါ ရှင်းရှင်းဖျက်ဆီးမည်။ အဘယ်သူမျှ မပြင်ဆင်ရ။ အဘယ်သူမျှ မတူးမဆွရ။ ဆူးပင်အမျိုးမျိုးပေါက်လိမ့်မည်။ ထိုဥယျာဉ်အပေါ်မှာလည်း မိုးမရွာစေခြင်းငှာ ငါပညတ်မည်။*

ယနေ့မြန်မာပြည်အသင်းတော်ဟာ ဥယျာဉ်မှူးရဲ့ မျှော်လင့်ချက်နှင့် မကိုက်ညီတဲ့အတွက်၊ ဥယျာဉ်မှူးက ရှင်းရှင်းဖျက်ဆီးမယ်လို့ ပြောပါတယ်။ ပြန်ပြင်မဲ့လူကိုလည်း တားမြစ်မယ်။ စပျစ်ပင်တွေထဲမှာ ဆူးပင်ပေါက်စေမယ်။ မိုးမရွာအောင်လည်း တားမြစ်မယ်လို့ပြောပါတယ်။ အသင်းတော်မှာ ခံစားနေရတဲ့ကောင်းကြီးတွေကို ဥယျာဉ်ရှင်က တားမြစ်ရင်ဘယ်လိုလုပ်ပြီး အသင်းတော်ဟာအသက်ရှင်နေတော့မှာလည်း။ ယနေ့ခရစ်ယာန်များဆင်ခြင်ကြပါ။ အချိန်ကျရောက် ခါနီးနေပြီ။ မြန်မာပြည်အသင်းတော်ဟာ ဘာအသီးတွေ သီးနေတာလည်း?

*၇။ ယေရမိ။ ၂း၂၁–၂၂။ စပျစ်နွယ်ပင် အမျိုးစစ်ဖြစ်သော သင့်ကိုငါစိုက်ပျိုးသော်လည်း၊ သင်ငါ့ရှေ့မှာ အဘယ်မျှလောက်ဖောက်ပြန်၍ အမျိုးမစစ်သော စပျစ်နွယ်ပင်ဖြစ်ပါသည်တကား။ သင်သည်ပေါက်ဆပ်ပြာနှင့် ရေချိုး၍ချက်သော ဆပ်ပြာများကိုသုံးသော်လည်း သင်၏အပြစ်သည်ငါ့ရှေ့မှာ ထင်ရှားသည်ဟု အရှင်ထာဝရဘုရားမိန့်တော်မူ၏။*

ကျွန်တော်တို့ရဲ့အခြေအနေကိုကြည့်ရင် အလွန်ဖောက်ပြန်နေတယ်ဆိုတာကို ဖွက်ထားလို့မရအောင် ဖြစ်နေပါတယ်။ ဘုရားသခင်မသိအောင် လုပ်နိုင်တာဘာမှမရှိဘူး။ ကျွန်တော်တို့က ဘုရားနှင့်ရာထူးကိုလဲခဲ့တယ်။ ဘုရားနှင့်စီးပွါး၊ ဘုရားနဲ့ငွေ၊ ဘုရားနှင့်ဂုဏ်၊ လဲခဲ့ကြတယ်။ ရာထူးတိုးပါမည့်အကြောင်း အသက်ရှင်သောဘုရားကိုစွန့်ပြီး အသက်မရှင်တဲ့ဘုရားကို ကိုးကွယ်ခဲ့ကြတယ်။ သူတို့ရှေ့မှာ ပုံသက်သေဖြစ်ရမည့်အစား ရှေ့ဆုံးကနေ ခိုးပြ၊ ဝှက်ပြခဲ့ကြတယ်။ ရှေ့ဆုံးကနေ ဘုရားကို မရှိမသေပြုပြခဲ့ကြတယ်။ သည်အပြစ်တွေကို ဘာဆပ်ပြာနဲ့မှဆေးလို့ ပြောင်နိုင်မှာ မဟုတ်တော့ဘူး။ ဘုရားရှေ့မှာဝှက်ထားလို့မရဘူး၊ အရာခပ်သိမ်းကိုသိသောဘုရား၊ အရာခပ်သိမ်းကိုအဆုံးအဖြတ်ပေးသောဘုရား အစဉ်ထာဝရအသက်ရှင်သော ဘုရားဘဲမဟုတ်လား။

**. . .ခင်ဗျားကို အကာ အကွယ်ပေးနေတဲ့ အုတ်ရိုး၊ စည်းကမ်း၊ ဥပဒေတို့ကို ဖယ်လိုက်ရင် ခင်ဗျားကိုလူတွေက တက်နင်းတော့မှာ ဖြစ်တယ် . . .**

*၈။ ယေဇကျေလ၊ ၁၅း၂။ အချင်းလူသား သစ်တော၌ သစ်ခက်သာမည ဖြစ်သော စပျစ်နွယ်သားသည် အခြားသောသစ်သားထက် မြတ်သောအရာတစုံတခုရှိသလော။ ၃။ တစုံတခု လုပ်အံ့သောငှာ စပျစ်နွယ်သားကိုယူတတ်သလော။ တစုံတခုကို ဆွဲထားစရာ တံစို့ကို စပျစ်နွယ်သားဖြင့် လုပ်တတ်သလော။*

မိတ်ဆွေ ကျွန်တော်တို့ဟာ ဘုရားသခင်ရဲ့ စပျစ်ပင်မှန်ရင် စပျစ်နွယ်သားရဲ့အကြောင်းကိုတော့ ပြန်စဉ်းစားရလိမ့်မယ်။ စပျစ်နွယ်သားဟာ တိုင်အနေနဲ့အသုံးပြုလုပ်ရတဲ့ အမျိုးမဟုတ်ဘူး၊ နွယ်တန်းလို့ရတာမဟုတ်ဘူး။ မိတ်ဆွေ စပျစ်နွယ်ပင်ကိုဘယ်နေရာမှာ သုံးမှာလဲ။

*၄။ ထင်းဖို့ မီးထဲသို့ချတတ်၏။ မီးသည်လည်း အရင်းအဖျား၊ အလယ်ကိုလောင်တတ်၏။ အသုံးဝင်တတ်သလော။ မီး မလောင်မီ အသုံးမဝင်လျှင် ၅။ မီးလောင်၍ကျွမ်းပြီးမှ အသုံးမဝင်ဟုသာ၍ ဆိုဘွယ်ရှိသည်မဟုတ်လော။*

စပျစ်သားဟာထင်းဆိုက်တဲ့အခါ မီးကောင်းကောင်းမလောင်ဘူး။ မီးကျီခဲလည်း မရဘူး။ မီးလောင်ပေမဲ့ အခြားသောသစ်သားတွေလိုစည်းကမ်းနှင့် မလောင်ဘူး။ ဒါကြောင့်ပိုပြီးအသုံးမကျမှန်း သိသာတာဖြစ်တယ်။

*ဃ။ ယောဟန်၊၁၅း၄။ စပျစ်ခက်သည် အပင်၌မတည်လျှင် ကိုယ်အလိုအလျောက် အသီးမသီးနိုင်သကဲ့သို့ သင်တို့သည် ငါ၌မတည်လျှင် အသီးမသီးနိုင်ကြ*
*၅။ ငါသည်စပျစ်နွယ်ပင်ဖြစ်၏။ သင်တို့သည် အခက်များဖြစ်ကြ၏။ အကြင်သူသည် ငါ၌တည်၍ငါသည်လည်း သူ၌တည်၏။ ထိုသူသည် များစွာသောအသီးကို သီးတတ်၏။ ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှမတတ်နိုင်ကြ။*

စပျစ်ခက်ဟာ သစ်သားအဖြစ်လည်းအသုံးမဝင်၊ တံစို့အဖြစ်လည်းအသုံးမဝင်၊ တိုင်စိုက်လို့လည်းမရပါဘူး။ ထင်းဆိုက်လို့မရတဲ့ စပျစ်နွယ်သားဟာ အသီးသီးဖို့လည်း အလိုအလျောက် မတတ်နိုင်ဘူးဆိုတာကို တွေ့ရပါတယ်။ အသီးသီးဖို့ရာခရစ်တော်၌ တည်ဖို့လိုပါတယ်။ ခရစ်တော်၌တည်တယ် ဆိုတာကလည်း ခရစ်တော်ရဲ့စကားကို နားထောင်လိုက်နာရမှာဖြစ်တယ်။ ခရစ်ယာန်များဟာ ဘုရားမပါဘဲလုပ်ချင်ရာလုပ်နေကြတဲ့လူတွေဖြစ်လာကြတယ်ဆိုတာ တွေ့ရပါတယ်။ ခရစ်ယာန်တစ်ယောက်အသီးသီးတယ်ဆိုတာ ဘယ်လိုဟာမျိုးလည်း။ ခရစ်ယာန်အသီးသီးတယ်ဆိုတာ–

(၁) သူတစ်ပါးကို ခရစ်တော်ထံသို့ပို့ဆောင်ခြင်း။

(၂) ခရစ်တော်လုပ်ခဲ့တဲ့အမှုတော်လေးပါးကို ဆောင်ရွက်အောင်မြင်ခြင်း။

(၃) ဝိညာဉ်အသီး(၉)ပါးကို သီးခြင်းဖြစ်ပါတယ်။

ခရစ်တော်ဟာ ဤလောကိုကြွလာတဲ့အခါ အပြစ်နဲ့စာတန်ရဲ့လက်ထဲမှာ နှံ့နှစ်နေတဲ့လူတွေကို ကယ်တင်ခြင်း (၅) ရပ်ပြန်ပေးဖို့ ကြွလာတာဖြစ်တယ်။ ဒါကြောင့်ခရစ်ယာန်တစ်ယောက်အနေနှင့် ကယ်တင်ခြင်းအမှုကို ထိရောက်စွာဆောင်ရွက်ရမှာဖြစ်တယ်။

ခရစ်တော်က လောကမှာလူသားတစ်ယောက်အဖြစ် ခမည်းတော်ရဲ့အမှုတော်ကို ဆောင်ရွက်ရာမှာ

(က) နတ်ဆိုးနှင်ထုတ်ခြင်း။

(ခ) အနာရောဂါငြိမ်းစေခြင်း။

(ဂ) ဘုရားသခင်နှင့် နိုင်ငံတော်အကြောင်း ဟောပြောခြင်း။

(ဃ)လူရေးလူမှုဆောင်ရွက်ခြင်းတို့ကိုပြုခဲ့ပါတယ်။

အောင်မြင်စွာအသီးသီးတဲ့ ခရစ်ယာန်ဟာ သခင်လုပ်ခဲ့တဲ့အလုပ်တွေကိုဘဲ လုပ်ရမှာဖြစ်ပါတယ်။ အပေါ်ယံလူမြင်ကောင်းအောင်၊ ကောက်ရိုးပုံလိုလုပ်လို့ သခင်က အသီးသီးတယ်လို့မြင်မှာမဟုတ်ပါဘူးမိတ်ဆွေ။

**ထင်းဆိုက်လို့မရတဲ့ စပျစ်နွယ်သားဟာ အသီးသီးဖို့လည်း အလို အလျောက် မတတ်နိုင်ဘူးဆိုတာ ကို တွေ့ရပါတယ်၊ အသီးသီးဖို့ရာ ခရစ်တော်၌ တည်ဖို့ လိုပါတယ်၊ ခရစ်တော်၌တည်တယ် ဆိုတာ ကလည်း ခရစ်တော်ရဲ့စကားကို နားထောင်လိုက်နာ ရမှာ ဖြစ်တယ် . . .**

ခရစ်ယာန်များဟာ သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝမှုကိုခံယူပြီး၊ သန့်ရှင်းသောဝိညာဉ်တော်နှင့် ပျော်မွေ့မှသာ ဝိညာဉ်တော်ရဲ့အသီး ကိုးပါးကို ရရှိနိုင်မှာဖြစ်တယ်။ အမှတ်စဉ်(၂)နှင့်(၃)ကိုမြင်မှ လူတွေကခရစ်တော်ကိုထိတွေ့ခံစားပြီး သူတစ်ပါးကိုခရစ်တော်ထံပို့ဆောင်ခြင်းအမှုဟာ အောင်မြင်မယ်ဖြစ်တယ်။

ကိုယ်လုပ်တဲ့အလုပ်ဟာ မှားသလားမှန်သလား သိချင်ရင် တမန်တော်ဝတ္ထုကို ဖတ်ပါ။ တမန်တော်ဝတ္ထုထဲမှာ အသင်းတော်များရဲ့လက္ခဏာတွေရှိပါတယ်။ အသင်းတော်တစ်ပါးရဲ့လုပ်ဆောင်မှုဟာ မှားသလား၊ မှန်သလား၊ လိုနေသေးသလားဆိုတာကို သိချင်ရင် တမန်တော်ဝတ္ထုကိုဖတ်ပြီး တိုက်ကြည့်ပါ။ ကိုက်ညီခြင်းမရှိရင် တစ်ခုခုလိုနေလို့ဖြစ်တယ်မိတ်ဆွေ။ သခင်ဘုရားအတွက် အလုပ်လုပ်တဲ့အခါ ကိုယ့်ပညာ၊ ကိုယ့် ဉာဏ်နှင့်လုပ်နေတာလား၊ သန့်ရှင်းသော ဝိညာဉ်တော်ဘုရားရဲ့လမ်းညွှန်မှုနှင့် လုပ်နေတာလားဆိုတာ အရင်ဆန်းစစ်ကြည့်ပါဦး။ သန့်ရှင်းသောဝိညာဉ်တော်ဟာ အသက်ရှင်သောဘုရားဖြစ်တယ်။ ပုဂ္ဂိုလ်ဖြစ်ပါတယ်၊ တန်ခိုးတော်မဟုတ်ပါဘူး၊ သူ့ကိုစကားပြောကြည့်ပါ၊ ပြန်ပြောလာပါလိမ့်မယ်။

ချစ်တဲ့ညီအစ်ကိုများခင်ဗျား ဥယျာဉ်မှူးဖြစ်တဲ့ဘုရားသခင်က သူမျှော်လင့်ထားတဲ့အတိုင်းဖြစ်မလာရင် စောင်ရန်းကိုဖြုတ်မယ်၊ အုတ်တံတိုင်းကိုဖြိုမယ်၊ မိုးမရွာအောင်ပြုမယ်လို့ကြိုပြောထားတယ်။ ယနေ့ဒီကျမ်းချက် ကိုလေ့လာတဲ့အခါ ခင်ဗျားကိုဖန်ဆင်းတဲ့ အရှင်ကယ်တင်တဲ့အရှင်၊ အသင်းတော်မှာ နေရာချထားတော်မူတဲ့အရှင်ဟာ ခင်ဗျားရဲ့ အခြေအနေကိုသုံးသပ်တဲ့အခါ မျှော်လင့်ချက်နှင့်ကိုက်ညီတယ်လို့ ခံယူပါ့မလား။ ဘုရားရှင်ကတော့ ပြောရင်ပြောတဲ့အတိုင်း လုပ်မှာဖြစ်ပါတယ်။ ဒါကြောင့်သည်နေ့ကစပြီး ယေရှုဟာအသက်ရှင်တဲ့ဘုရားဖြစ်ကြောင်း မရှက်မကြောက်ဝန်ခံပြီး၊ ဝိညာဉ်တော်လမ်းပြမှုနဲ့ ဝိညာဉ်အသီးများသီးကြပါစို့လား။ (ဟေဗြဲ၊ ၁၀း၃၁)

သိက္ခာတော်ရဆရာဦးထွန်းလင်း။<br>ပင်လုံနှစ်ခြင်းအသင်းတော်




